အမေရိကန်ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်မည့်အန္တရာယ်နှင့် Y Complex စီမံကိန်း၏ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ

တာဝန်သိစွာနုတ်ထွက်ဖို့ Human Rights Now, Japan Volunteer Center, Justice For Myanmar နှင့် Mekong Watch တို့ တောင်းဆို

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ ရက်၊ မြန်မာ - မြန်မာစစ်တပ်ပိုင်မြေနေရာပေါ် ရှိ Y Complex လုပ်ငန်းစုံသုံးအဆင့်မြင့်အိမ်ယာစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသူများဖြစ်ကြသည့် ဂျပန်ကုမ္ပဏီများသည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်တပ်အဖွဲ့အစည်းများနှင့် ၎င်းတို့ပါဝင်သည့်အခန်းကဏ္ဍများတွင် အမေရိကန်ပြည်ထောင်စုကချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများအား ချိုးဖောက်သည့်အန္တရာယ်တွင် ရှိနေသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုကို တုန့်ပြန်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ယူကေ နှင့် ကနေဒါ နိုင်ငံတို့သည် မြန်မာစစ်တပ်၏ စစ်ထောက်ချုပ်ရုံးအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ချမှတ်ခဲ့သည်။ စစ်ထောက်ချုပ်ရုံး (ကကထောက်) သည် မြန်မာစစ်တပ်၏ အကျိုးစီးပွားများကို စီမံဆောင်ရွက်ရသည့်အဓိကအဖွဲ့အစည်း တစ်ရပ် ဖြစ်သည်။

ယူကေနိုင်ငံ၏ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုစာရင်း အရ (ကကထောက်)သည် "မြန်မာစစ်တပ်အတွက် လက်နက်ခဲယမ်းမီးကျောက်များ၊ ဗုံးများနှင့် ဂျက်လေယာဉ်လောင်စာဆီများ အပါအဝင် ပစ္စည်းများဝယ်ယူရေးတွင် အဓိကနေရာက ဆောင်ရွက်သည်။ ယင်းဆောင်ရွက်ချက်သည် ကြီးလေး သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် လူမျိုးစုတိုင်းရင်းသား လူ နည်းစုများ အပါအဝင် အရပ်သားပြည်သူများအပေါ် ဖိနှိပ်မှုများကို တိုက်ရိုက်အားပေး ကူညီသည်။"

Daiwa House Industry ၏ ကုမ္ပဏီခွဲ Fujita Corporation၊ Tokyo Tatemono တို့အပါအဝင် ဂျပန်ကုမ္ပဏီများနှင့်ဂျပန်အစိုးရ-ပုဂ္ဂလိက မတည် အခြေခံအဆောက်အဦးဆိုင်ရာရံပုံငွေဖြစ်သည့် Japan Overseas Infrastructure Investment Corporation for Transport & Urban Development (JOIN) တို့သည် စစ်ထောက်ချုပ်ရုံးသို့ နှစ်စဉ်ငှားရမ်းခ အမေရိကန်ဒေါ်လာ (၁.၈)

သန်းကျော်ကို ပေးချေပြီး ၎င်းတို့အနေဖြင့် ဒဏ်ခတ်ပိတ်ဆို့အရေးယူထားသည့် အဖွဲ့အစည်းတစ်ခုအား ထောက်ပံ့ ကူညီနေကြောင်း ထင်ရှားစွာတွေ့ရှိရပါက ထိုပေးချေမှုသည် အမေရိကန်ပြည်ထောင်စု၏ ဒဏ်ခတ် ပိတ်ဆို့မှုများအပေါ် ချိုးဖောက်ရာ ရောက်နိုင်သည်။

မူဝါဒအခြေပြုဘဏ္ဍာငွေဆိုင်ရာအဖွဲ့အစည်း Japan Bank for International Cooperation (JBIC)၊ Sumitomo Mitsui Banking Corporation ဘဏ်များနှင့် Mizuho Bank တို့သည် အမေရိကန်ဒေါ်လာ (၁၁၄) သန်းကို ချေးငွေတစ်ရပ်မှတဆင့် အဆိုပါစီမံကိန်းကို ပူးတွဲငွေကြေးထောက်ပံ့လျက် ရှိသည်။

စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ယင်းစီမံကိန်းအား ရပ်ဆိုင်းထားရပြီး၊ အကယ်၍ အမေရိကန်ဒေါ်လာဖြင့် မြေငှားရမ်းခပေးချေငွေများ ပြန်လည်ပေးချေမှုပြုလုပ်ပါက ဒဏ်ခတ် ပိတ်ဆို့မှုအန္တရာယ်တွင် သက်ရောက်နိုင်မည်ဖြစ်သည်။

ဂျပန်အစိုးရအနေဖြင့် Y Complex စီမံကိန်းအပါအဝင် စစ်ကောင်စီနှင့် ၎င်း၏စီးပွားရေး လုပ်ငန်းစုကြီးများနှင့်လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းများအား ရပ်ဆိုင်းခြင်းဖြင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကြံရာပါအနေဖြင့် ပါဝင်ပတ်သက်နေမှုကို အဆုံးသတ်ရမည်။ Y Complex ရင်းနှီးမြှုပ်နှံသူများနှင့် ငွေကြေးမြှီရှင်များအနေဖြင့်လည်း စစ်ထောက်ချုပ်ရုံးနှင့် ဆောင်ရွက်သည့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းမှ တာဝန်သိစွာ ထွက်ခွာခြင်းဖြင့် ဒဏ်ခတ်ပိတ်ဆို့မှု များအား ချိုးဖောက်ရာရောက်မည့်အန္တရာယ်ကို ရှောင်ရှားသင့်ပြီး၊ ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်း နှင့် လူ့အခွင့်အရေးများဆိုင်ရာလမ်းညွှန်စည်းမျဉ်းများ နှင့် နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးများ အတွက် OECD လမ်းညွှန်ချက်များ အရ ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာတာဝန်များကို လိုက်နာ ဖြည့်ဆည်း သင့်သည်။

HRN ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ကာဇူကိုအီတို က *အာဏာသိမ်းမှုဖြစ်လာကတည်းက ကျွန်တော်တို့အနေနဲ့ ဒီစီမံကိန်းမှာပါဝင်နေတဲ့ ဂျပန်ကုမ္ပဏီတွေနဲ့ဂျပန်အစိုးရကို ဒီစီမံကိန်းဟာ မြန်မာနိုင်ငံကပြည်သူတွေအပေါ် ဆိုးကျိုးသက်ရောက်မှုတစ်ရပ်ဖြစ်လာဖို့ သိသာထင်ရှားနေတဲ့ အတွက် ဒီစီမံကိန်းကနေ တာဝန်သိစွာနုတ်ထွက်ဖို့ တောင်းဆိုခဲ့ပြီးဖြစ်ပါတယ်။ စီးပွားရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းကော်မတီက ထုတ်ပြန်ထားတဲ့ မြင့်တင် ဆောင်ရွက်ဖို့နဲ့ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမယ့်ပြဌာန်းချက်တွေကို လိုက်နာလုပ်ဆောင်ဖို့၊ စိစစ်မှုရလာဒ်*

တွေကိုလည်း ပွင့်လင်းမြင်သာတဲ့ပုံစံနဲ့ တာဝန်သိစွာထုတ်ပြန်ဖို့ ကုမ္ပဏီအားလုံးကို ကျွန်တော်တို့ ထပ်မံပြီး အလေးအနက်တိုက်တွန်းပါတယ်။ ဒီဖြစ်စဉ်မှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးရဲ့ အသံတွေကို ကြားနိုင်ဖို့ ထိတွေ့မေးမြန်းသင့်ပါတယ်။ ဒါ့အပြင် ဂျပန်အစိုးရအနေနဲ့ ကုလသမဂ္ဂအခြေခံမူ တွေအရ လူ့အခွင့်အရေးတွေကို အကာအကွယ်ပေးဖို့သူတို့မှာတာဝန်ရှိပြီး ဒီလုပ်ဆောင်ချက်တွေကို တက်တက်ကြွကြွတိုးမြှင့် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ တောင်းဆိုပါတယ်" ဟု ပြောကြားခဲ့သည်။

Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က *"ရိုဟင်ဂျာတွေအပေါ် မြန်မာစစ်တပ်ရဲ့ ၂၀၁၇ ခုနှစ် လူမျိုးတုန်းသတ်ဖြတ်မှုစစ်ဆင်ရေး၊ လူမျိုးစုဒေသတွေမှာ ဆက်ပြီးကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ရာဇဝတ်မှုတွေ၊ ဆယ်လကျော်လာပြီဖြစ်တဲ့ စစ်အာဏာရှင်ရဲ့ မြန်မာပြည်သူတွေအပေါ်ဆင်နွှဲနေတဲ့ အကြမ်းဖက်စစ်ဆင်ရေးတွေ၊ ဒါတွေနောက်ပိုင်းမှာတောင် Fujita Corporation, Tokyo Tatemono နဲ့ JOINတို့က Y Complex တည်ဆောက်ရေးမှာ သူတို့ဆက်ပြီး ပါဝင်ပတ်သက်နေတာဟာ လက်ခံနိုင်စရာမရှိပါဘူး။ Y Complex ငှားရမ်းသူဖြစ်တဲ့ စစ်ထောက်ချုပ်ရုံးအပေါ် အမေရိကန်ရဲ့ နောက်ဆုံး ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုနောက်ပိုင်း ဒီစီမံကိန်းကို ဆက်လုပ်စရာအကြောင်းမရှိတော့ပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေဟာ တာဝန်သိစွာနဲ့ ဆက်နွယ်ပတ်သက်မှုတွေ ချက်ချင်းဖြတ်ဖို့ လုပ်ဆောင်ရပါမယ်။ သူတို့အနေနဲ့ ငွေပေးချေမှုတွေဆက်လုပ်နေမယ်ဆိုရင် အဲ့ဒီစီမံကိန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ဖောက်ဖျက်ခြင်းတစုံတရာရှိမရှိစုံစမ်းစစ်ဆေးပြီး အမြန်ဆုံးအရေးယူဆောင်ရွက်ဖို့ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကို ကျွန်မတို့ တောင်းဆိုပါတယ်။ ပြစ်ဒဏ်ပေးမခံရတဲ့အတွက် ဒီတရားမဝင် လူသတ်စစ်ကောင်စီက မြန်မာပြည်သူတွေကို ဆက်ပြီးသတ်ဖြတ်နေတာ ဖြစ်ပါတယ်။ Y Complex ကနေတဆင့် ဂျပန်အစိုးရနဲ့ကုမ္ပဏီတွေက ဒီရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါ ပတ်သက်နေပါတယ်။ သူတို့လက်မှာ သွေးစွန်းနေပါပြီ"* ဟု ပြောကြားခဲ့သည်။

Mekong Watch ၏ အမှုဆောင်ဒါရိုက်တာ ယူက ကီဂူချီက *" Tokyo Tatemono, Fujita, JOIN, Sumitomo Mitsui Banking Corporation, Mizuho Bank, နဲ့ JBIC တို့ရဲ့ မြေငှားရမ်းခနောက်ထပ်ပေးချေမှုတွေက စစ်တပ်ရဲ့အမိန့်အောက်မှာ ဥပဒေမဲ့သတ်ဖြတ်မှုတွေ၊ ညှဉ်းပမ်းနှိပ်စက်မှုတွေ၊ လိင်အကြမ်းဖက်မှုတွေအပြင် မြန်မာနိုင်ငံကလူနည်းစုလူမျိုးစုဒေသတွေမှာ တိုက်ခိုက်မှုတွေစတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ ငွေကြေးထောက်ပံ့နေကြောင်း အဓိပ္ပါယ်သက်ရောက်စေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် JOIN နဲ့*

Human Rights Now | JVC Japan International Volunteer Center | JUSTICE FOR MYANMAR | Mekong Watch

JBIC တို့အနေနဲ့ Y Complex မှာ ရှိပုံငွေတွေ ထောက်ပံ့ပေးနေတာက ဂျပန်အခွန်ထမ်းပြည်သူတွေကိုပါ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ ပါဝင်ပတ်သက်နေစေတာပါ။ သူတို့အနေနဲ့ သူတို့ရဲ့ ဘဏ္ဍာငွေတွေကို ချက်ချင်းပြန်နှုတ်ယူသင့်ပြီး၊ ဒီစီမံကိန်းအတွက် ငွေပေးနေတာတွေကို ချက်ချင်း ရပ်တန့်သင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

JVC ရဲ့ Advocacy Office မှ နအိုကို ဝတနာဘီက စစ်တပ်ပိုင်မြေပေါ်က Y Complex ကို ဘဏ္ဍာငွေထောက်ပံ့ခဲ့ကြတဲ့ ဂျပန်ပြည်သူ့ရေးရာနဲ့ပုဂ္ဂလိကရေးရာကဏ္ဍတွေဟာ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုနောက်ပိုင်းမှာသာမက စစ်အာဏာသိမ်းမှုမတိုင်ခင်ကပါ အပြစ်မဲ့မြန်မာပြည်သူတွေအပေါ် မြန်မာစစ်တပ်က ကျူးလွန်ခဲ့တဲ့ လူအစုလိုက်သတ်ဖြတ်မှုတွေ၊ ဖမ်းဆီးမှုတွေ၊ ညှဉ်းပမ်းနှိပ်စက်မှုတွေနဲ့ အခြားသောရက်စက်ကြမ်းကြုတ်မှုတွေမှာ ကြံရာပါဖြစ်မှုကို ဆက်ပြီး ပါဝင်နေပါတယ်။ စစ်ထောက်ချုပ်ရုံးအပေါ် အမေရိကန်၊ ယူကေနဲ့ ကနေဒါနိုင်ငံတို့ရဲ့ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေက အာဏာသိမ်းမှုနောက်ပိုင်းဒီစီမံကိန်းမှာ ဘာလက္ခဏာဘာတုန့်ပြန်မှုမှ မရှိဘဲပါဝင်နေကြတဲ့ ဂျပန်အစိုးရနဲ့ ကုမ္ပဏီတွေရဲ့သဘောထားရပ်တည်ချက်တွေက မှားနေကြောင်းနဲ့ ရှက်စရာကောင်းကြောင်း ပေါ်လွင်စေခဲ့တာပါပဲ။ အဲ့ဒီသုံးနိုင်ငံရဲ့ ဆုံးဖြတ်ချက်တွေကို လေးစားပြီး၊ Y Complex စီမံကိန်းကနေ ချက်ချင်းနှုတ်ထွက်ကြဖို့ ဂျပန်အစိုးရနဲ့ ကုမ္ပဏီတွေကို ဂျပန်နိုင်ငံသားများနဲ့ အခွန်ထမ်းပြည်သူများအနေနဲ့ ကျွန်တော်တို့ ထပ်မံတောင်းဆိုပါတယ် " ဟု ပြောကြားခဲ့သည်။

Y Complex ၏ နောက်ခံ

မြန်မာ့လူ့အခွင့်အရေးအဖွဲ့အစည်းဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း ၏ အချက်အလက်များအရ မြန်မာစစ်တပ်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့၊ ဥပဒေမဲ့အာဏာသိမ်း ကြိုးပမ်းမှုနောက်ပိုင်း စစ်ကောင်စီက ကလေးသူငယ်များအပါအဝင် ပြည်သူပေါင်း (၁၃၀၀) ကျော် အား သတ်ဖြတ် ခဲ့ပြီး ပြည်သူ (၁၁,၀၀၀) ကျော် အား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ မြန်မာစစ်တပ်သည် အရပ်သားပြည်သူများသေကြေစေခဲ့ပြီး၊ ပြည်သူပိုင်ပစ္စည်းများ ပျက်ဆီးစေခဲ့ကာ လူပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်စေခဲ့သည့် အဆင်ခြင်မဲ့လေကြောင်းတိုက်ခိုက်မှုများ၊ ဗုံးကျဲမှုများကို လည်း ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအပေါ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ အစီရင်ခံစာအရ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာစစ်တပ်သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သောလုပ်ရပ်များနှင့် စစ်ရာဇဝတ်မှုများတွင် ပါဝင်ကျူးလွန်ခဲ့သည်။ Y Complex ကဲ့သို့သော အိမ်ခြံမြေလုပ်ငန်းများအပါအဝင် စီးပွားရေး အကျိုးအမြတ်လုပ်ငန်း များက မြန်မာစစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှုများကို ငွေကြေးထောက်ပံ့ နေကြောင်းကို မှတ်တမ်းမှတ်ရာ ကောင်းစွာ ရရှိထားပြီး ဖြစ်သည်။

Y Complex ကို ခရိုနီကုမ္ပဏီ Yangon Technical & Trading Co. Ltd. (YTT) နှင့် စစ်ထောက်ချုပ်ရုံးတို့အကြား ဘီအိုတီ (တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း) သဘောတူညီချက်အရ တည်ဆောက်လျက်ရှိပြီး၊ နှစ်စဉ်ငှားရမ်းခပေးချေငွေ အမေရိကန်ဒေါ်လာ (၂.၁၆၃) သန်း ကို ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးရနိုင်ဖွယ်ရှိသည်။

တည်ဆောက်ဆဲဖြစ်သည့် ယင်းစီမံကိန်းသည် လုပ်ငန်းစုံသုံး အိမ်ယာစီမံကိန်းတစ်ရပ်ဖြစ်ပြီး၊ ဂျပန်ကုမ္ပဏီ Okura Hotels & Resorts က ကြီးကြပ်လုပ်ကိုင်မည့် Okura Prestige Hotel တစ်ခုလည်း ပါဝင်မည်ဖြစ်သည်။

Y Complex Co. Ltd ရှိ Fujita, Tokyo Tatemono and JOIN တို့၏ ရင်းနှီးမြှုပ်နှံမှုများသည် ဂျပန်ရင်းနှီးမြှုပ်နှံသူ သုံးဦးပိုင်ဆိုင်သည့် စင်ကာပူနိုင်ငံရှိ ဦးပိုင်ကုမ္ပဏီ Yangon Museum Development Pte. Ltd မှတဆင့် ပါဝင်ခြင်းဖြစ်သည်။ အဆိုပါဦးပိုင်ကုမ္ပဏီသည် မြန်မာစီမံကိန်းကုမ္ပဏီဖြစ်သည့် Y Complex Co. Ltd. ၏ ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး၊ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကိုမူ ၎င်းတို့၏ မြန်မာနိုင်ငံမိတ်ဖက် YTT က ပိုင်ဆိုင်သည်။

Yangon Museum Development သည် JBIC, Sumitomo Mitsui Banking Corporation နှင့် Mizuho Bank တို့၏ ပူးတွဲငွေကြေးပံ့ပိုးမှုကို ရရှိသူဖြစ်သည်။

Yangon Museum Development ၏ ၂၀၂၀ ခုနှစ်အတွက် နောက်ဆုံးဘဏ္ဍာငွေရှင်းတမ်းအရ အမေရိကန်ဒေါ်လာသည် ကုမ္ပဏီ၏ လုပ်ငန်းသုံးငွေကြေးဖြစ်ပြီး၊ ဘဏ္ဍာငွေများကို စင်ကာပူနိုင်ငံရှိ အမေရိကန်ဒေါ်လာအကောင့်တွင်ထားရှိကာ ထိုအကောင့်မှ မြန်မာနိုင်ငံ၊ စစ်ထောက်ချုပ်ရုံးသို့ ငှားရမ်းခငွေပေးချေမှုအပါအဝင် ငွေများလွှဲပြောင်းပေးသည်။ စစ်ထောက်ချုပ်ရုံးသို့

Human Rights Now | JVC Japan International Volunteer Center | JUSTICE FOR MYANMAR | Mekong Watch

အမေရိကန်ငွေကြေးယူနစ် ဘဏ္ဍာငွေလွှဲပြောင်းပေးအပ်မှုတွင် ပါဝင်သည့် မည်သည့်ဘဏ်မဆို ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်သည့်အန္တရာယ်တွင် ရောက်ရှိမည်ဖြစ်သည်။

စစ်ထောက်ချုပ်ရုံးသို့ ငွေပေးချေမှုများကို Y Complex Co. Ltd. နှင့် YTT တို့က ပူးတွဲထိန်းချုပ်ထားသည့် အမေရိကန်ဒေါ်လာ အရံချေးငွေအကောင့်မှတဆင့် ပြုလုပ်သည်။ Distributed Denial of Secrets မှ ဖောက်ချခဲ့သည့် Y Complex Co. Ltd. နှင့် YTT တို့အကြား မြေနေရာငှားရမ်းမှုသဘောတူစာချုပ်မူကြမ်းအရ ဂျပန်ရင်းနှီးမြှုပ်နှံသူများသည် အရံချေးငွေအကောင့်သို့ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၈၂ သန်း လွှဲပြောင်းပေးအပ်ရန်အတွက် တာဝန်ရှိသည်။ အဆိုပါဘဏ္ဍာငွေများကို Yangon Museum Development မှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ် ဘဏ္ဍာငွေရှင်းတမ်းအရ ၂၀၁၉ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ နောက်ဆုံးအကြိမ် လွှဲပြောင်းပေးအပ်ခဲ့သည်။ အမှန်တကယ်တွင် ဂျပန်ရင်းနှီးမြှုပ်နှံသူများသည် မြေနေရာငှားရမ်းမှုစာချုပ်တွင်ဖော်ပြထားသည့် YTT သို့ ထပ်တိုးပေးချေငွေများမှတဆင့် စစ်ထောက်ချုပ်ရုံးသို့ပေးချေရမည့် ဘဏ္ဍာငွေကြီးမားသည့် အချိုးအစားတစ်ရပ်ကို သွယ်ဝိုက်၍ ပေးချေနေဖွယ်ရှိသည်။

Fujita Corporation နှင့် Tokyo Tatemono တို့က *" Y Complex စီမံကိန်းနဲ့ စပ်လျဉ်းပြီး Tokyo Tatemono အနေနဲ့ မြန်မာပြည်သူတွေနဲ့ သက်ဆိုင်ရာရှယ်ယာရှင်များရဲ့ ဘေးအန္တရာယ်ကင်းရေးကို အလေးထားစဉ်းစားပြီး၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်း စီမံကိန်းလည်ပတ်မှုတစ်ခုလုံးကို ရပ်ဆိုင်းထားပြီး ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ တခြားနိုင်ငံတွေရဲ့ နောက်ဆုံးဒဏ်ခတ်ပိတ်ဆို့မှုတွေအပေါ် ကျွန်တော်တို့အနေနဲ့ အလေးအနက်ထားပြီး၊ စီမံကိန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေရဲ့ ဖြစ်နိုင်ဖွယ်အကျိုးဆက်တွေအပါအဝင် အခြေအနေတွေကို ဆက်ပြီး စောင့်ကြည့်လေ့လာသွားမှာ ဖြစ်ပါတယ်"* ဟု ပြောကြားခဲ့သည်။

Y Complex စီမံကိန်းက တခြားသောပုဂ္ဂလိကမိတ်ဖက်တွေနဲ့ ဖက်စပ်စီမံကိန်းတစ်ရပ်ဖြစ်တဲ့အတွက် *Fujita Corporation* နဲ့ အတူ ကျွန်တော်တို့ အမြင်သဘောထား တူညီပါတယ် " ဟု JOIN က ပြောကြား ခဲ့သည်။